SHAN
HUMAN RIGHTS FOUNDATION
www.shanhumanrights.org shanhumanrightsfoundation@gmail.com

# ရှမ်းလူ့အခွင့်အရေးမဏ္ဍိုင်မှ နောက်ဆုံးရ လူ့အခွင့်အရေး ချိုးဖောက်မှု သတင်းထုတ်ပြန်ချက်

၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၁၈ ရက်

## ရှမ်းပြည်တောင်ပိုင်း ပင်လောင်းမြို့ တီကျစ်ကျောက်မီးသွေးတွင်း အနီးတွင် စစ်ကောင်စီနှင့် PNO တပ်ဖွဲ့တို့ကြောင့် ယာဉ်မောင်းတစ်ဦးပစ်သတ်ခံရပြီး လယ်သမားတစ်ဦးဒဏ်ရာရရှိ

၂၀၂၃ ဇန်နဝါရီလ ၇ ရက်နေ့က ရှမ်းပြည်တောင်ပိုင်း ပင်လောင်းမြို့ တီကျစ်ကျောက်မီးသွေးတွင်း အနီးတွင် စစ်ကောင်စီနှင့် PNO တပ်ဖွဲ့တို့ ၏ပစ်ခတ်မှုကြောင့် ယာဉ်မောင်းတစ်ဦးအသတ်ခံရပြီး လယ်သမားတစ်ဦးဒဏ်ရာရရှိခဲ့ကြောင်းသိရသည်။




ရှမ်းပြည်တောင်ပိုင်း ညောင်ရွှေမြို့နယ် အင်းလေး ကန်အနောက်ဘက်ခြမ်း လုံကန် ကျေးရွာအုပ်စု အနီးတဝိုက်တွင် ၂၀၂၃ ဇန်နဝါရီလ ၃ ရက်နေ့က စစ်ကောင် စီတပ်နှင့် ပြည်သူ့ကာကွယ်ရေး တပ်ဖွဲ့(PDF)တို့ တိုက်ပွဲများဖြစ်ပွား ခဲ့သည်။

ထို့နောက် ဇန်နဝါရီလ ၇ ရက်နေ့တွင် စစ် ကောင်စီတပ် နှင့် ပအိုဝ်းပြည်သူ့စစ် (PNO) ပူးပေါင်းတပ် အင်အား ၅၀ ခန့်တို့သည် ပြည်သူ့ကာကွယ် ရေးတပ်ဖွဲ့ ဝင်များရောက်ရှိလာသည် ဟုဆိုကာ အောင် ပန်း-တီ ကျစ်-ပင်လောင်းလမ်း ကိုပိတ်ခဲ့သည်။ ထိုနေ့ည ၈နာရီဝန်း ကျင် ပင်လောင်းမြို့ နယ် တီကျစ်ကျေး ရွာမှ ၃ မိုင်ခန့်ကွာဝေးသော အောင်

ပန်း- ပင်လောင်းလမ်းမကြီးပေါ်မှ နေ၍ ဘုရားဖြူကျေးရွာဘက်သို့ မိနစ် သုံးဆယ်ခန့် မည်သည့်တိုက်ပွဲမှမရှိဘဲ လက်နက်ကြီးငယ်များဖြင့် ပစ်ခတ်ခဲ့သည်။

အဆိုပါပစ်ခတ်မှုကြောင့် အနီးရှိ နန်းဆောင်ကျေးရွာမှ လယ်ရေသွင်းရန် လယ်ကွက်သို့ သွားရောက် ပြီး ပြန် လာသော လယ်သမား စိုင်းအေး (အမည်လွဲ) အသက် ၄၀ ခန့်သည် ခြေထောက်တွင် လက်နက် ထိမှန်ကာ ဒဏ်ရာရရှိခဲ့သည်။ စစ်ကောင်စီတပ်သားများသည် ၎င်းအားပင်လောင်းဆေးရုံသို့ပို့ ဆောင် ပေး ခဲ့သည်။

ထို့နေ့ည ဇန်နဝါရီလ ၇ ရက် ည ၉နာရီခွဲဝန်းကျင်တွင် ပင်လောင်းမြို့နယ် မွေးပြင်ကျေးရွာအုပ်စု ကင်မွန်းချုံကျေးရွာမှရွာသား ခွန်ထွန်း (အမည်လွဲ) အသက် ၃၅ နှစ်ဝန်းကျင်ခန့်သည် အောင်ပန်း-တီကျစ်-ပင် လောင်း လမ်းအတိုင်း ကားမောင်းလာခဲ့ရာ လမ်းကိုစစ်ဆေးပိတ်ဆို့နေသောနေရာသစ် အရောက်တွင် အမြန် မောင်းနှင်လာသော ကားကိုရုတ်တရက်ရပ်တန့်ခဲ့သည်။ ထို့နောက်စစ်ကောင်စီတပ်သားများ၏ ပစ် ခတ်ခြင်း ကိုခံရကာ ဝမ်းဗိုက်အောက် အူမကြီးထိမှန်ဒဏ်ရာဖြင့် ပစ်ခတ်ခံရသောနေရာ တွင်သေဆုံး သွားခဲ့သည်။ ထိုအဖြစ် အပျက်ကို PNO တပ်သားများမှ လမ်းပြအဖြစ်ခေါ်ဆောင်လာသော ဒေသခံ တစ်ဦးမှတွေ့မြင်ခဲ့သည်။

**တီကျစ်အနီးရှိ စစ်ကောင်စီနှင့် PNO တပ်ဖွဲ့တို့မှပြည်သူအားပစ်သတ်သောနေရာ**



စစ်ကောင်စီတပ်သားများသည် ပစ်ခတ်ခံရသောပြည်သူ၏ အလောင်းကို မိသားစုထံသို့ ပြန်လည် ပေးအပ်ခြင်းမရှိဘဲ ဇန်နဝါရီရက်နေ့ နေ့လည် ၂ နာရီခန့်တွင် ပင်လောင်းသုသန်၌ သင်္ဂြိုလ်ခဲ့သည်။

စစ်ကောင်စီတပ်သားများနှင့် PNO တပ်ဖွဲ့ဝင်များသည် အောင်ပန်း-တီကျစ်-ပင်လောင်းလမ်းကို ဆက်လက်ပိတ်ဆို့ထားပြီး အဆိုပါလမ်းပေါ်၌ ကလောအခြေစိုက် စစ်ကောင်စီတပ် ခမရ ၇ နှင့် တီကျစ်အခြေစိုက် ခမရ ၅၁၁၊ ခမရ ၅၂၂ အပါအဝင် PNO တပ်များလှုပ်ရှားလျက်ရှိသည်။

**ဆက်သွယ်ရန်**


စိုင်းဟော်ရှဲန် +66 94-728-6696 (ရှမ်း၊ အင်္ဂလိပ်)

ယိင်းလျန်းဟန် +66 62 569 5220 (မြန်မာ)